ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ညွှန်ကြားချက်အမှတ်( ၈ /၂၀၂၀)
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊
၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ လ ၅ ရက်

**အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ တည်ထောင်ခြင်းဆိုင်ရာညွှန်ကြားချက်**

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ ၃၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာတည်ထောင်ခြင်းဆိုင်ရာ ဤညွှန်ကြားချက် (Agent Examination Center – AEC) ကို ထုတ်ပြန်လိုက်သည်။

**တရားဝင်အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း**

၁။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာ (AEC) အား တရားဝင်အသိအမှတ်ပြုလက်မှတ် လျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်ရမည်-

(က) စာမေးပွဲကြီးကြပ်ရေးဘုတ်အဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံစည်းမျဉ်း၊

(ခ) တစ်နှစ်အတွင်း စာမေးပွဲကျင်းပမည့် အကြိမ်အရေအတွက်၊

(ဂ) စာမေးပွဲစစ်ဆေးမည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ၊

(ဃ) စင်တာအုပ်ချုပ်ရေးမှူးနှင့် ကြီးကြပ်ရေးမှူးတို့၏ ပညာအရည်အချင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(င) စာမေးပွဲတွင် အသုံးပြုမည့် စာရွက်စာတမ်းပုံစံနှင့် အီလက်ထရောနစ်မိတ္တူပုံစံများ၊

(စ) စာမေးပွဲကြေးကောက်ခံခြင်းနှင့် ပြန်အမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊

(ဆ) စာမေးပွဲကျင်းပခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ၊

(ဇ) စင်တာရှိ စာမေးပွဲအထောက်အကူပြု ပစ္စည်းများ၊

(ဈ) စာမေးပွဲဖြေဆိုချိန်ကန့်သတ်ချက်၊

(ည) အမှတ်ပေးစနစ်၊

(ဋ) စာမေးပွဲမေးခွန်းလုံခြုံမှုစနစ်၊

(ဌ) စာမေးပွဲစစ်ဆေးခြင်းလုပ်ငန်းလက်စွဲနှင့် စံသတ်မှတ်ချက် လုပ်ထုံးလုပ်နည်းများ၊ (Agent Examination Manual and S.O.P)

(ဍ) စာမေးပွဲလုံခြုံရေး လုပ်ထုံးလုပ်နည်းချိုးဖောက်ခြင်း၏ အကျိုးဆက်များ၊

(ဃ) စာမေးပွဲစစ်ဆေးခြင်း လုပ်ငန်းလမ်းညွှန်၊ (ဥပမာ မှားယွင်းစွာဖြေဆိုခြင်းအတွက် ပြန်လည်ဖြေဆိုခွင့်မပြုခြင်း၊ မေးခွန်းအားလုံးသေချာစွာဖြေဆိုစေခြင်း၊(Examination Guidelines)

(ဏ) နမူနာမေးခွန်းများ၊

(တ) အွန်လိုင်း စစ်ဆေးခြင်းစနစ်၊ (Online Examination System)

(ထ) ရည်ညွှန်းစာအုပ်စာတမ်းများ၊

(ဒ) အရည်အချင်းစစ်ဆေးသည့် စင်တာများစာရင်းနှင့် ယင်းစင်တာများတွင် စာဖြေသင်တန်းသားများ နေရာချထားနိုင်မှု၊

(ဓ) မသန်စွမ်းများအတွက် စာမေးပွဲဖြေဆိုရန် နေရာထိုင်ခင်းစီစဉ်ထားရှိမှု၊

(န) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ မှတ်ပုံတင်လက်မှတ်၊

(ပ) အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့မှ လိုအပ်သည်ဟု ယူဆသည့် အခြားသတင်းအချက်အလက်များ။

**အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ တာဝန်ဝတ္တရားများ**

၂။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာများသည် ဤညွှန်ကြားချက်ပါ လိုအပ်ချက်များကို ကိုက်ညီမည့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှု၊ ဝန်ထမ်းအင်အား လုံလောက်မှု၊ စင်တာ၏ လုပ်ငန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးနိုင်မှု ရှိရမည်။

၃။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာများသည် အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုထားသော စာမေးပွဲကျင်းပသည့် အချက်အလက်များနှင့် မေးခွန်းဘဏ်များ ပေါက်ကြားမှု မရှိစေရန် အပြည့်အဝ တာဝန်ရှိသည်။

၄။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် အင်တာနက်၊ ခေါ်ဆိုမှုအခမဲ့ ဖုန်းနံပါတ်များ၊ အလိုက်အလျောက် သတင်းတုန့်ပြန်သည့် တယ်လီဖုန်းစနစ်၊ ဖက်စ် နှင့် အခြား သတင်းအချက်အလက် ထောက်ပံ့သည့်စနစ်များမှတစ်ဆင့် စာမေးပွဲဆိုင်ရာ သတင်းအချက်အလက်များ ထောက်ပံ့ပေးရမည်။

၅။ စာမေးပွဲဆိုင်ရာ သတင်းအချက်အလက်များတွင် စာမေးပွဲဖြေဆိုမည့် နေ့ရက်နှင့် တင်သွင်းရမည့် ပုံစံနှင့်အထောက်အထားများ၊ စာမေးပွဲကြေး ကြိုတင်ပေးသွင်းမှုနည်းလမ်း၊ စာမေးပွဲ ဖြေဆိုခြင်း လမ်းညွှန်ချက်များနှင့် စာမေးပွဲဖြေဆိုမည့် အစီအစဉ်များ ပါဝင်ရမည်။

၆။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် စာဖြေသူများ၏ တိုင်ကြားချက်များ၊ စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သည့် အပြောင်းအလဲများ၊ စာမေးပွဲစစ်ဆေးသည့် နေရာများရှိ အခြေအနေ ပြောင်းလဲမှုများအတွက် ပတ်သက်ဆက်နွယ်သော သတင်းအချက်အလက်များနှင့်အတူ အရည်အချင်းစစ်ဆေးသည့် စင်တာများကြီးကြပ်ရေးအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ ပြည့်စုံစွာ တင်ပြရမည်။

၇။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် လွယ်ကူစွာ သွားရောက်နိုင်သည့်နေရာတွင်တည်ရှိခြင်း၊ စင်တာအား ကြီးကြပ်စစ်ဆေးမှုစနစ် ကောင်းမွန်ခြင်းစသည့် အချက်အလက်များနှင့် ပြည့်စုံရမည်။

၈။ စင်တာအုပ်ချုပ်ရေးမှူးနှင့် ကြီးကြပ်ရေးမှူးများသည် အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာတစ်ခုခုတွင် တာဝန်ပြောင်းလဲထမ်းဆောင်ပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ တင်ပြရမည်။

၉။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် စာဖြေသူများ၏ ဖြေဆိုမှုနှင့် ပတ်သက်သော အချက်အလက်များကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားပါက အာမခံကုမ္ပဏီများနှင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

**အာမခံကိုယ်စားလှယ်အရည်အချင်းစစ်ဆေးသည့် စင်တာများ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း တာဝန်များ**

၁၀။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာများ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ်တစ်ဦး<br>စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဂ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအာမခံအသင်း | အဖွဲ့ဝင် |
| (ဃ) | ဌာနမှူး၊ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |

၁၁။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အချင်းစစ်ဆေးသည့်စင်တာများ စနစ်တကျရှိစေရေးနှင့် စည်းကမ်းတကျဖြစ်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အရည်အချင်းစစ်ဆေးသည့်စင်တာများမှ တရားဝင်အသိအမှတ်ပြု လက်မှတ်ရရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ စည်းကမ်းဖောက်ဖျက်သော အရည်အချင်းစစ်ဆေးသည့် စင်တာများ သို့မဟုတ် သတ်မှတ်ချက်နှင့် ညီညွတ်ပြည့်စုံမှုမရှိသော စင်တာများနှင့်စပ်လျဉ်း၍လည်းကောင်း သဘောထားမှတ်ချက်ဖြင့်အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) အရည်အချင်းစစ်ဆေးသည့် စင်တာ၏ အုပ်ချုပ်ရေးမှူးနှင့် ကြီးကြပ်ရေးမှူးတို့အတွက် တရားဝင်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ဃ) မေးခွန်းဘဏ်ပြုစုခြင်းနှင့် စာမေးပွဲစစ်ဆေးခြင်းများအတွက် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

(င) အရည်အချင်းစစ်ဆေးသည့် စင်တာများ၏ စာမေးပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(စ) အရည်အချင်းစစ်ဆေးသည့်စင်တာမှ ကောက်ခံရမည့် မှတ်ပုံတင်ကြေး၊ စာရွက်စာတမ်းကြေးနှင့် စာမေးပွဲကြေးတို့ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဆ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**စာမေးပွဲကြီးကြပ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း**

၁၂။ အရည်အချင်းစစ်ဆေးသည့် စင်တာ၏ စာမေးပွဲကြီးကြပ်ရေးဘုတ်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အသိအမှတ်ပြု လက်မှတ်ရ အုပ်ချုပ်ရေးမှူး | (၁) ဦး |
| (ခ) | ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အသိအမှတ်ပြု လက်မှတ်ရ ကြီးကြပ်ရေးမှူး | (၁) ဦး |
| (ဂ) | အာမခံဘာသာရပ်သင်ကြားရေးမှ ဆရာ/ဆရာမ | (၃) ဦး |

**စာမေးပွဲကြီးကြပ်ရေးဘုတ်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၃။ စာမေးပွဲကြီးကြပ်ရေးဘုတ်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ-

(က) စာမေးပွဲကြီးကြပ်ခြင်းဆိုင်ရာ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(ခ) စာမေးပွဲအထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊

(ဂ) မေးခွန်းများလုံခြုံရေးနှင့် စာမေးပွဲလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိခြင်း၊

(ဃ) စာမေးပွဲနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(င) လိုအပ်သလို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) စစ်ဆေးတွေ့ရှိချက်ကိုသဘောထားမှတ်ချက်ဖြင့် အာမခံကိုယ်စားလှယ်အရည်အချင်း စစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း။

**မေးခွန်းဘဏ်ထားရှိခြင်း**

၁၄။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် စနစ်တကျလုံခြုံသည့် မေးခွန်းဘဏ် (စာမေးပွဲမေးခွန်းများ) ထားရှိရမည်။ မေးခွန်းဘဏ်တည်ထောင်ရန် အရည်အချင်း စစ်ဆေးသည့် စင်တာကြီးကြပ်ရေးအဖွဲ့၏ အတည်ပြုချက် ရယူထားရမည်။

၁၅။ မေးခွန်းဘဏ်သည် လုံခြုံမှုအဆင့်အတန်း မြင့်မားရမည်ဖြစ်ပြီး လွယ်ကူစွာ ဝင်ရောက်ကြည့်ရှုနိုင်သည့် အခြေအနေ မရှိစေရ။

၁၆။ စာမေးပွဲမေးခွန်းများသည် စာဖြေသူ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝမှုတို့ကို ထိရောက်စွာ အကဲဖြတ်နိုင်စွမ်း ရှိရမည်။

**စာမေးပွဲစီမံခန့်ခွဲခြင်း**

၁၇။ တရားဝင်အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် အာမခံကိုယ်စားလှယ် အရည်အချင်း စစ်ဆေးသည့် စင်တာသည် စာမေးပွဲစစ်ဆေးသည့် လုပ်ငန်းစဉ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး စာဖြေသူအားလုံးအတွက် တန်းတူအခွင့်အရေးရရှိပြီး မျှတမှုရှိရမည်။ တရားဝင် အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ သည် -

(က) လုံလောက်သော စာမေးပွဲလုံခြုံရေးအစီအစဉ်များ၊ အရည်အသွေးပြည့်မီသော စာမေးပွဲစင်တာအုပ်ချုပ်ရေးမှူးများ ရှိရမည်။ စာမေးပွဲကြီးကြပ်ရေးမှူးသည် စာမေးပွဲကြီးကြပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အရည်အသွေး ပြည့်မီရမည်။

(ခ) အရည်အချင်းစစ်ဆေးသည့် စင်တာအသီးသီးတွင် တူညီသည့် စီမံခန့်ခွဲမှုစနစ်များ ထားရှိရမည်။

(ဂ) စာဖြေသူများမှ မေးခွန်းများ မှတ်သားထားခြင်းကို ထုတ်ဖော်ရန်နည်းလမ်းများ ထားရှိရမည်။

(ဃ) စာမေးပွဲ၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားစေနိုင်သည့် အပေးအယူလုပ် ညှိနှိုင်း၍ စာမေးပွဲဖြေဆိုသည်ဟု သံသယရှိပါက အရည်အချင်းစစ်ဆေးသည့်စင်တာ ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း သတင်းပို့ တင်ပြရမည်။

(င) အရည်အချင်းစစ်ဆေးသည့်စင်တာ အသုံးပြုမှုနှင့် အခြားအသေးစိတ် သတင်းအချက်အလက်များကို အရည်အချင်းစစ်ဆေးသည့် စင်တာကြီးကြပ်ရေးအဖွဲ့သို့ လစဉ် အစီရင်ခံစာ ပေးပို့တင်ပြရမည်။

**မေးခွန်းဘဏ်ပြုစုခြင်းနှင့် စာမေးပွဲကျင်းပခြင်း**

၁၈။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ ကြီးကြပ်ရေးမှူးသည် စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူတစ်ဦး၏ အနည်းဆုံး ရှိရမည့် အရည်အချင်းကို စစ်ဆေးရမည်။

၁၉။ စာမေးပွဲဝင်ရောက်ဖြေဆိုသူသည်စာမေးပွဲအောင်မြင်ရန် အနည်းဆုံးလိုအပ်သော တတ်ကျွမ်းနားလည်မှု ရှိ/ မရှိ သင်ရိုးညွှန်းတမ်းကို နားလည်ကျေညက်မှုတို့အပေါ် အဓိကထား စိစစ် အကဲဖြတ်ရမည်။

၂၀။ သတ်မှတ်သင်ရိုးညွှန်းတမ်းအပေါ် အခြေခံ၍ စာမေးပွဲ မေးခွန်းထုတ်ရမည်။

၂၁။ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ၏ ပြောင်းလဲမှုများကို သိရှိစေရန် စာမေးပွဲများကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ရမည်။

၂၂။ အာမခံကိုယ်စားလှယ် သင်တန်းကျောင်းများသည် သင်ရိုးညွှန်းတမ်းပြုစုရေးနှင့် စာမေးပွဲစစ်ဆေးမည့်အကြောင်းအရာများ ပြုစုရေးတို့တွင် ပါဝင်ကူညီဆောင်ရွက်နိုင်သည်။ သို့သော် စာမေးပွဲမေးခွန်းများကို အပြီးသတ်ပြုစုရာတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

**အောင်မှတ်နှင့် အောင်ချက်ရာခိုင်နှုန်း**

၂၃။ အာမခံကိုယ်စားလှယ်လိုင်စင်ရရှိရန် အနည်းဆုံးရှိရမည့် အောင်မှတ်မှာ ၆၀ မှတ်ဖြစ်သည်။

၂၄။ အာမခံကိုယ်စားလှယ်အရည်အချင်း စစ်ဆေးသည့်စင်တာအား တရားဝင်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းတို့အတွက် အောင်ချက်ရာခိုင်နှုန်းသည် ၅၀ ရာခိုင်နှုန်း နှင့် အထက်ဖြစ်ရမည်။

**စာမေးပွဲရလဒ်များကိုထုတ်ပြန်ခြင်း**

၂၅။ စာမေးပွဲရလဒ်များကို ထုတ်ပြန်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) စာမေးပွဲ စစ်ဆေးပြီးလျှင် စာမေးပွဲရလဒ်များကို ထုတ်ပြန်ကြေညာရမည်၊

(ခ) စာမေးပွဲကျင်းပမှု ပြီးဆုံးပါက စာမေးပွဲဖြေဆိုသူများအားလုံး၏ ရမှတ်များ၊ စာဖြေသူများ၏ အသေးစိတ်အချက်အလက်များကို ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အောင်မြင်ခဲ့သည့် စာဖြေသူစာရင်းများအား အသေးစိတ်အချက်အလက်များနှင့်အတူ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ လိုင်စင်ထုတ်ပေးနိုင်ရန် ပေးပို့ လျှောက်ထားရမည်။

**တားမြစ်ချက်များ**

၂၆။ မည်သူမျှ အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့၏ တရားဝင်ခွင့်ပြုချက် မရရှိဘဲ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ တည်ထောင်ခြင်း မပြုရ။

၂၇။ မည်သူမျှ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် အသိအမှတ်ပြု လက်မှတ်မရှိဘဲ အရည်အချင်းစစ်ဆေးသည့်စင်တာ အုပ်ချုပ်ရေးမှူး သို့မဟုတ် ကြီးကြပ်ရေးမှူး အဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၂၈။ မည်သူမျှ -

(က) အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ တည်ထောင်ရန်အတွက် လျှောက်လွှာတွင် ပါဝင်သော အကြောင်းအရာများကို မမှန်မကန် ဖော်ပြခြင်း မပြုရ။

(ခ) အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ အုပ်ချုပ်ရေးမှူး သို့မဟုတ် ကြီးကြပ်ရေးမှူး၏ တရားဝင်အသိအမှတ်ပြုလက်မှတ်တွင် ပါဝင်သည့် အကြောင်းအရာများကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း မပြုရ၊

(ဂ) အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာနှင့် သက်ဆိုင်သည့် အကြောင်းအရာများအား မှားယွင်းဖော်ပြခြင်းမပြုရ၊

(ဃ) အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ အုပ်ချုပ်ရေးမှူး သို့မဟုတ် ကြီးကြပ်ရေးမှူး၏ အသိအမှတ်ပြုလက်မှတ်အား မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမှ လွှဲပြောင်းခြင်းမပြုရ၊

၂၉။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော မှတ်ပုံတင်ကြေး၊ စာရွက်စာတမ်းကြေးနှင့် စာမေးပွဲကြေးတို့ထက် ပို၍ ကောက်ခံခြင်းမပြုရ။

၃၀။ အာမခံကုမ္ပဏီ သို့မဟုတ် အာမခံလုပ်ငန်း ဝန်ဆောင်မှုပေးသူများသည် အာမခံ ကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့် စင်တာတည်ထောင်ရန် လျှောက်ထားခြင်း မပြုရ။

၃၁။ အာမခံကုမ္ပဏီ သို့မဟုတ် အာမခံလုပ်ငန်း ဝန်ဆောင်မှုပေးသူ သို့မဟုတ် အာမခံလုပ်ငန်း ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေဆဲ မည်သည့်ပုဂ္ဂိုလ်မျှ အာမခံ ကိုယ်စားလှယ်အရည်အချင်းစစ်ဆေးသည့်စင်တာ၏ အုပ်ချုပ်ရေးမှူး သို့မဟုတ် ကြီးကြပ်ရေးမှူး အဖြစ် လျှောက်ထားခြင်း မပြုရ။

၃၂။ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာသည် လိုင်စင်ခွင့်ပြုချက်ရရှိ၍ ကိုယ်စားလှယ်စာမေးပွဲ တစ်နှစ်အတွင်း ကျင်းပပြုလုပ်ခြင်းမရှိခဲ့လျှင် စင်တာ၏ အသိအမှတ်ပြု လက်မှတ်ကို ရုတ်သိမ်းမည်။

**အရေးယူခြင်း**

၃၃။ အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့သည် အပိုဒ် ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ နှင့် ၃၂ ပါ မည်သည့်တားမြစ်ချက်ကိုမဆို လိုက်နာရန် ပျက်ကွက်သည့် အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ တရားဝင်အသိအမှတ်ပြုလက်မှတ် သို့မဟုတ် စာမေးပွဲ စစ်ဆေး သည့် စင်တာအုပ်ချုပ်ရေးမှူးသို့မဟုတ် ကြီးကြပ်ရေးမှူး၏ အသိအမှတ်ပြုလက်မှတ်အား ရုတ်သိမ်းရမည်။

၃၄။ အရည်အချင်းစစ်ဆေးသည့်စင်တာများ ကြီးကြပ်ရေးအဖွဲ့သည် -

(က) အာမခံကိုယ်စားလှယ် အရည်အချင်းစစ်ဆေးသည့်စင်တာ၏ တရားဝင် အသိအမှတ် ပြုလက်မှတ် သို့မဟုတ် စာမေးပွဲစစ်ဆေးသည့်စင်တာ အုပ်ချုပ်ရေးမှူး သို့မဟုတ် စာမေးပွဲကြီးကြပ်သူ အသိအမှတ်ပြုလက်မှတ်အား ရုတ်သိမ်းခြင်း မပြုမီ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်ထံ သတိပေးစာအား ပေးပို့ရမည်။

(ခ) အထက်အပိုဒ်ခွဲ (က) ပါ သတိပေးစာရရှိပြီးနောက် ပယ်ဖျက်ခံရမှု မရှိစေရေး ကျိုးကြောင်းခိုင်လုံစွာ ပြန်လည်တင်ပြနိုင်ပါက အရည်အချင်းစစ်ဆေးရေးစင်တာ

တည်ထောင်ခွင့် လက်မှတ်ပယ်ဖျက်ရန် အကြောင်းကြားစာကို ပြန်လည်ရုတ်သိမ်းနိုင်သည်။

၃၅။ အသိအမှတ်ပြုလက်မှတ် ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အမိန့်နှင့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ FRD / IBRB ( ၂၉၀ / ၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်

ဖြန့်ဝေခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာ့အာမခံလုပ်ငန်း

စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင် (အားလုံး)

အာမခံကုမ္ပဏီ (အားလုံး)

မြန်မာနိုင်ငံအာမခံအသင်း

မြန်မာနိုင်ငံဘဏ်များအသင်း

မြန်မာ့အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများကူညီမှုအသင်း

အမိန့်အရ

၁/၁၀/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး